
# ဒေသန္တရအစိုးရနှင့် ဒေသန္တရအုပ်ချုပ်ရေး



ဒေသန္တရအစိုးရ

ပြည်နယ်အစိုးရ

**ပြည်ထောင်စုအစိုးရ**

ပြည်နယ်အစိုးရ

ဒေသန္တရအစိုးရ

# ဖက်ဒရယ် ပြည်ထောင်စု အစိုးရ အလွှာများ

- ❑ ပထမအလွှာ အစိုးရ ➡ ပြည်ထောင်စု အစိုးရ
- ❑ ဒုတိယအလွှာ အစိုးရ ➡ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ
- ❑ တတိယအလွှာ အစိုးရ ➡ ဒေသန္တရအစိုးရ (ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ)


ဒေသန္တရအစိုးရ(Local Government) နှင့် ဒေသန္တရအုပ်ချုပ်ရေးပုံစံ (Local Administration) ဘာကွာသလဲ???

# Local Administration


ဗဟိုအစိုးရ (တစ်ပြည်ထောင်စနစ်) က ဥပဒေပြုပြဌာန်းဖွဲ့စည်း၊ ဒေသတွင်း အုပ်ချုပ်ရေး ဆိုင်ရာ ကိစ္စရပ်တွေနဲ့၊ ဗဟိုအစိုးရက ညွှန်ကြားပေးတဲ့ တာဝန်တွေကို ထမ်းဆောင်ဖို့ ဖွဲ့စည်းထားတဲ့ အုပ်ချုပ်ရေး ဌာနတွေ ဖြစ်တယ်။

နိုင်ငံ့ဝန်ထမ်း (Civil Servants) တွေက တာဝန်ခံဆောင်ရွက်တယ်။

# မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်မှုပုံစံ



# မြန်မာနိုင်ငံအုပ်ချုပ်ရေးစနစ်



# ဘာကြောင့် တတိယအလွှာအစိုးရ/ ဒေသန္တရအစိုးရ အဆင့်များ အားကောင်းဖို့ လိုအပ်သလဲ?

- ပြည်သူလူထုနှင့် အနီးကပ်ဆုံး အစိုးရအလွှာဖြစ်။
- ပြည်သူလူထု၏ လိုအပ်ချက်ကို အသိနိုင်ဆုံးဖြစ်။
- ယင်းလိုအပ်ချက်များကို အမြန်ဆုံး(Responsive) နဲ့ အထိရောက်ဆုံး(Effective) ဖြည့်ဆည်းပေးနိုင်။
- ဒီမိုကရေစီသဘောတရားအရ ပြည်သူလူထုပါဝင်ရန် အလွယ်ကူဆုံးအဆင့် (Public Participation)၊ Village Meeting/ Town Hall Meeting များတွင် လူထုပါဝင်မှုဖြင့် တိုက်ရိုက် ဒီမိုကရေစီ (Direct Democracy) ကို ကျင့်သုံးနိုင်သည်။
- ပြည်သူလူထုများသည် ဒေသဆိုင်ရာစီမံကိန်းများ ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ စောင့်ကြည့်ခြင်း၊ စီမံကိန်းရလဒ်များကို အကဲဖြတ်ခြင်းတို့တွင် ပါဝင်နိုင်။

  ဥပမာ - ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်သော ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းများ။
- လူနည်းစု အုပ်စု (Minorities within Minorities) တွေနဲ့ဖယ်ကြဉ်ခံအုပ်စု (Marginalized Group)တွေရဲ့ ပါဝင်မှုကို မြင့်တင်ပေးနိုင်။

# ဒေသန္တရ အစိုးရ အမျိုးအစားများ

(၁) ကဏ္ဍစုံ စုစည်းအုပ်ချုပ်မှု ပုံစံ (Multipurpose Local Government)

(၂) နှစ်လွှာစနစ်အုပ်ချုပ်မှု ပုံစံ (Two Tier Structure)

(၃) ကဏ္ဍတစ်ခုစီအလိုက် သီးသန့်အုပ်ချုပ်မှုပုံစံ (Single Purpose Local Government)

(၄) ဌာနေလူမျိုးစု ဒေသန္တရအစိုးရပုံစံ (Indigenous Local Government)

# (၁) ကဏ္ဍစုံ စုစည်းအုပ်ချုပ်မှု ပုံစံ (Multipurpose Local Government)

- ဩစတြေလျ၊ ဩစတြီးယား၊ ကနေဒါ၊ ဘရာဇီး၊ မက္ကဆီကို၊ ဆွစ်ဇာလန်
- စည်ပင်သာယာလုပ်ငန်းများ + ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (ဒေသတွင်း လျှပ်စစ်ဖြန့်ဖြူးရေး - Electricity Distribution ၊ ဒေသတွင်း လမ်းဖောက်လုပ်ပြုပြင်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး)
- မြို့ပြ/ကျေးလက်လူဦးရေ ကွာခြားမှု ရှိသော်လည်း၊ ဖွဲ့စည်းမှုနဲ့ တာဝန် ဝတ္တရား ကွာဟချက်မရှိဘဲ၊ တူညီစွာဖွဲ့စည်းတည်ဆောက်
- ဆွစ်ဇာလန်တွင် ဒေသန္တရအစိုးရအပြင် ပါလီမန်စနစ် ကျင်သုံးတဲ့ ဒေသန္တရ လွှတ်တော်တွေပါ ထည့်သွင်းတည်ဆောက်။

# (၂) နှစ်လွှာစနစ်အုပ်ချုပ်မှု ပုံစံ (Two Tier Structure)

- ❑ အိန္ဒိယ၊ ဂျာမနီနိုင်ငံတွေမှာ ကျင့်သုံး
- ❑ မြို့ပြဒေသ ဒေသန္တရအစိုးရနှင့် ကျေးလက်ဒေသ ဒေသန္တရအစိုးရ နှစ်လွှာပိုင်းခြားအုပ်ချုပ်တဲ့ပုံစံ
- ❑ မြို့ပြ/ကျေးလက် လူမှုစီးပွားရေးဆိုင်ရာ အခြေအနေမတူညီ၊ စိန်ခေါ်မှု အခက်အခဲတွေ မတူညီ။
- ❑ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်၊ အလုပ်ကိုင်အခွင့်အလမ်း ဖော်ဆောင်ရေး အစီအမံ ဖော်ဆောင်ရာမှာ မြို့ပြကျေးလက်မူဝါဒ သီးခြားစီ ရှိရန်လို

# (၃) ကဏ္ဍတစ်ခုစီအလိုက် သီးသန့်အုပ်ချုပ်မှုပုံစံ (Single Purpose Local Government)

- အမေရိကန်ပြည်ထောင်စု၊ ဆွစ်ဇာလန်နိုင်ငံပြည်နယ် ဖဲခု။
- ဒေသန္တရအစိုးရ ယန္တယားကို ကဏ္ဍတစ်ခုစီအလိုက် သီးခြားရွေးချယ် တင်မြှောက် အုပ်ချုပ်တဲ့ပုံစံ
- ဥပမာ မြို့နယ်ရေပေးဝေရေး အဖွဲ့ မြို့ပြအိမ်ယာတည်ဆောက်ရေးအဖွဲ့၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ကဏ္ဍအလိုက် လူထုက ရွေးချယ် တင်မြှောက်တာဝန်ပေး

# (၄) ဌာနေလူမျိုးစု ဒေသန္တရအစိုးရပုံစံ (Indigenous Local Government)

- အမေရိကန်၊ ကနေဒါ၊ မက္ကဆီကို၊ ဩစတြေလျ၊ ဘရာဇီး၊ နိုင်ဂျီးရီးယား၊ တောင်အာဖရိက
- ဒီမိုကရေစီ စနစ်အရ ရွေးကောက်တင်မြှောက်ကိုယ်စားလှယ် + ဓလေ့ထုံးတမ်း အရ တာဝန်ဆက်ခံတဲ့ လူမျိုးစု ခေါင်းဆောင်ပေါင်းစပ် ဖွဲ့စည်း
- ဗဟို၊ ပြည်နယ်အစိုးရတွေက လူမှုဖူလုံရေးဆိုင်ရာ အကူအညီတွေ ကူညီထောက်ပံ့။

# ဒေသန္တရ အစိုးရ (Local Government)

ဒေသန္တရ အစိုးရဆိုသည်မှာ အရပ်ဒေသတစ်ခုတွင် စုပေါင်းနေထိုင်ကြသူများမှ၊ ယင်းတို့၏ ဆန္ဒအတိုင်း လူတစ်စုကို **ရွေးကောက်တင်မြှောက်သည်။** အဆိုပါ လူတစ်စုမှ၊ ထိုအရပ်သားများ သဘောတူညီစွာ ပေးဆောင်ကြသော **အခွန်ငွေဖြင့်** ထိုအရပ်သားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး စသည့် **ပြည်သူ့ရေးရာ ဝန်ဆောင်မှုများနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲ အုပ်ချုပ်မှု** တို့ကို **ဒေသန္တရ ယဉ်ကျေးမှုနှင့်အညီ** ထိရောက်စွာ ဖော်ဆောင်ပေးခြင်းဖြစ်သည်။

ဒေသန္တရအစိုးရ အုပ်ချုပ်ရေး ယန္တရားတွင်၊ ရွေးကောက်ခံပြည်သူ ကိုယ်စားလှယ်များကို ကူညီဆောင်ရွက်ရန်၊ ပြည်သူ့ဝန်ထမ်း (Public Servants) များကို ပြည်နယ်ပြည်သူ့ဝန်ထမ်းရွေးချယ်ရေးအဖွဲ့က ရွေးချယ်ခန့်ထားသည်။

# ဒီမိုကရေစီဒေသန္တရ အစိုးရအား အသိအမှတ်ပြုခြင်း (Legitimacy)

၁။ ဖက်ဒရယ်/ ပြည်ထောင်စု ဖွဲ့စည်းပုံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းကာဖွဲ့စည်းခြင်း (ဘရာဇီး၊ တောင်အာဖရိက၊ နိုင်ဂျီးရီးယား၊ နီပေါ၊ မက္ကဆီကို၊ မလေးရှား၊ အမေရိကန်၊ ဩစတြေလျ၊ ဆွစ်ဇာလန်၊ ဂျာမနီ တွေမှာ ဖက်ဒရယ်ဖွဲ့စည်းပုံမှာ ဒေသန္တရအစိုးရတွေဟာ တတိယအလွှာအစိုးရတွေဖြစ်တယ်ဆိုတာ တည့်သွင်းအသိအမှတ်ပြု

၂။ ဗဟိုအစိုးရမှ သီးခြားဒေသန္တရ အုပ်ချုပ်ရေး ဥပဒေ ပြု၍ ဖွဲ့စည်းခြင်း (နယူးဇီလန်၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ ဂျာမနီ)

၃။ ပြည်နယ် ဖွဲ့စည်းပုံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းကာ ဖွဲ့စည်းခြင်း (ဩစတြေလျ၊ အမေရိကန်)

၄။ပြည်နယ်လွှတ်တော်များမှ ဒေသန္တရအုပ်ချုပ်ရေးဥပဒေ သီးခြားပြဋ္ဌာန်းဖွဲ့စည်းခြင်း (ကနေဒါ၊ ပါကစ္စတန်)

**အကြံပြုချက်များ**

မြန်မာနိုင်ငံမှာ အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဥပဒေတွင် တတိယအလွှာအစိုးရအဖြစ် ထည့်သွင်းအသိအမှတ်ပြုပြီး ဒေသန္တရအစိုးရ အင်စတီကျူးရှင်းတွေ ဖွဲ့စည်းခြင်းကို ပြည်နယ်ဖွဲ့စည်းပုံဥပဒေအရသာ ဆောင်ရွက်သင့်ပါသည်။ လုပ်ပိုင်ခွင့်တာဝန်ခွဲဝေပေးအပ်ရာမှာ ကျေးလက်နှင့် မြို့ပြ တစ်ပုံစံတည်းမဟုတ်ဘဲ အိန္ဒိယမှာလို သီးခြားစီအာဏာခွဲဝေမှု ပြုလုပ်သင့်ပါတယ်။

# ဒေသန္တရ ဥပဒေပြဋ္ဌာန်းခွင့်

အောက်ပါ ကိစ္စရပ်များတွင် ဒေသန္တရဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းတွေကို ရေးဆွဲပြဋ္ဌာန်းခွင့် အာဏာရှိသင့်သည်။

၁။ အိမ်ဆောက်လုပ်ရေး၊ အိမ်ဆောက်ပုံနည်းပညာ၊ အိမ်ပြုပြင်ရေး၊ အိမ်ဖျက်သိမ်းရေး

၂။ အများပြည်သူတို့ကို နှောင့်ယှက်မှုများမှ တားဆီးရေး

၃။ လူ၊ တိရစ္ဆာန်နှင့် ကောက်ပဲသီးနှံတို့တွင် ကူးစက် အန္တရာယ်များမှ တားဆီးကာကွယ် ကုသရေး

၄။ ရေတွင်း၊ ရေကန်၊ ချောင်းမြောင်း မညစ်ညမ်းစေရန် ကာကွယ်တားဆီးရေး

၅။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

၆။ တိရစ္ဆာန်များကို ညှင်းဆဲခြင်းမှ ကာကွယ်ရေး

၇။ မီးဘေးကာကွယ်ရေး၊ ရှို့မီးငြိမ်းသက်ရေး

၈။ ပွဲများကျင်းပရေးအတွက် စည်းမျဉ်းသတ်မှတ်ရေး

၉။ ဈေးဆိုင်၊ အပန်းဖြေစခန်း၊ ပန်းခြံ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် စည်းကမ်းသတ်မှတ်ရေး

၁၀။ ကားရပ်နားခွင့်၊ အနေးယဉ်၊ ကားဂိတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ရေး

၁၁။ ယဉ်ကြောပိတ်ဆို့မှုဖြေရှင်းရေး။

# ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့၏ ဘဏ္ဍာရေး

ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့၏ ဘဏ္ဍာငွေ ရရှိရန် အောက်ပါ လုပ်ငန်းစဉ်များမှ ဆောင်ရွက်လေ့ရှိသည်။

၁။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ပိုင်ပစ္စည်းများမှ ရရှိသော ဝင်ငွေ (ဥပမာ- မြို့နယ်ခန်းမငှားရမ်းခြင်း)

၂။ ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရများမှ ထောက်ပံ့ငွေ

၃။ စည်းကြပ်ကောက်ယူသောအခွန်ငွေ

- ❑ မြေခွန် (အိမ်ခြံမြေခွန်)
- ❑ ယစ်မျိုးခွန်
- ❑ ဆည်မြောင်းတံမံခွန်
- ❑ ဒေသထွက် သံယံဇာတခွန် (မြစ် သဲ ကျောက်၊ လမ်းခင်းကျောက်)

၄။ အထွေထွေဝန်ဆောင်မှု၊ ဝန်ဆောင်မှုအခွန် (အမှိုက်သိမ်း၊ မိလ္လာ၊ ကားပါကင်ခွန်)/ စည်ပင်သာယာဆိုင်ရာအခွန်အခ

၅။ ချေးငွေ (ပြည်ထောင်စု၊ ပြည်နယ်မှ ငွေကြေးကုန်ကျများမည့် စီမံကိန်းအတွက် ချေးယူခြင်း)

*မြို့ပြနှင့် ကျေးလက် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များအကြား ဘဏ္ဍာရေး အရင်းအမြစ်များ ကွာဟမှုရှိ

*အချို့တိုင်းပြည်နယ်များတွင် ပြည်ထောင်စု/ပြည်နယ်ဘက်ဂျက်များမှ ရမည့်ရာခိုင်နှုန်းကို ဒေသန္တရ အစိုးရများသို့ ခွဲဝေခြင်း (သို့) လွှဲပြောင်းပေးရမည့် ရာခိုင်နှုန်းကို ဒေသန္တရအုပ်ချုပ်ရေး ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။

၆။ ပိုင်ဆိုင်မှု အခွန် (Properties Tax) ပြည်နယ်အစိုးရမှ မျှတခွန်အနေဖြင့်၊ ဒေသန္တရအစိုးရများသို့ ခွဲဝေပေးသင့်။

# ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများ

- ကိုယ်ပိုင် အရင်းအမြစ်မလုံလောက်ခြင်း
- အခွန်ကောက်ခံခွင့် အကန့်အသက်ရှိခြင်း
- မြို့ပြနိုင်ငံခြားအလုပ်သမားရွှေ့ပြောင်းမှုကြောင့် ကျေးလက်ဒေသတွင် အခွန်ကောက်ခံရရှိမှုနည်းပါးခြင်း
- ဒေသန္တရအစိုးရများသည် ဗဟို (သို့မဟုတ်) တိုင်း/ပြည်နယ်အစိုးရများမှ လွှဲပြောင်းအပ်သည့်ငွေကြေးအပေါ် မှီခိုနေရသည့်အတွက် နိုင်ငံရေး၏ လောင်းရိပ်မိခြင်း

ဆိုရှယ်ဒီမိုကရက်တစ်ပုံစံသည် ကိုယ်ပိုင်ဘဏ္ဍာငွေနှင့် ရပ်တည်ပြီး၊ သေးငယ်သောဒေသန္တရ အစိုးရများကို အလေးထားသည်။

၂၀၁၅ OECD: Government at a Glance ၏ တွေ့ရှိချက်အရ ဒေသန္တရ အစိုးရများသည်
ဒိန်းမက်နိုင်ငံတွင် စုစုပေါင်း အစိုးရစရိတ်၏ ၆၂%
ဆွီဒင်နိုင်ငံတွင် စုစုပေါင်း အစိုးရစရိတ်၏ ၄၈%
နော်ဝေနိုင်ငံတွင် စုစုပေါင်း အစိုးရစရိတ်၏ ၃၃%

ဖိလစ်ပိုင်နိုင်ငံတွင် ၁၉၉၁ Local Govt Code အရ International Revenue Allotment (IRA) စနစ်ကို စတင်ခဲ့သည်။ ယင်းစနစ်အရ ဗဟိုအစိုးရစုစုပေါင်းရငွေ၏ ၄၀ရာခိုင်နှုန်းကို ဒေသအစိုးရများကို ခွဲဝေပေးရမည်ဟု အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။ ယင်း ၄၀ရာခိုင်နှုန်းမှ -

- ပြည်နယ် - ၂၃%
- မြို့နယ် - ၂၃%
- မြူနီစီပယ်- ၃၄%
- ဘာရန်ဂေ - ၂၀%

ပြည်နယ်နှင့်ဒေသန္တရ အစိုးရများ အကြား ပြန်လည်ခွဲဝေထားသော အချိုးကျ စနစ်

- လူဦးရေအပေါ်မူတည်၍ - ၅၀%
- မြေဧရိယာအကျယ်အဝန်းအပေါ်မူတည်၍ - ၂၅%
- တူညီစွာ အချိုးချခြင်းအပေါ်မူတည်၍ - ၂၅% ခွဲဝေပေးသည်။

# လွှတ်လပ်ရေးခေတ်ဦး ဒီမိုကရေစီဒေသန္တရအစိုးရဥပဒေ

- ၁၉၅၃တွင် ပါလီမန်က အက်ဥပဒေအမှတ်(၂၈)ကို ထုတ်ပြန်ပြီး ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်း

- ရည်ရွယ်ချက်က - "ဒီမိုကရေစီသဘောတရားကို အခြေခံ၍ အုပ်ချုပ်ရေးကိစ္စ၊ ယဉ်ကျေးမှုကိစ္စ၊ စီးပွားရေးကိစ္စများအတွက် သက်ဆိုင်ရာဒေသမှ ပြည်သူကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသော ဒီမိုကရေစီဒေသန္တရအဖွဲ့များသို့ တရားဥပဒေဖြင့် အာဏာများလွှဲအပ်စေနိုင်ရန်

- ဒီမိုကရေစီဒေသန္တရအစိုးရ အဆင့်ဆင့် ဖွဲ့စည်းပုံ

- ခရိုင်ကောင်စီ

မြို့နယ်အသီးသီးက မြို့နယ်ကောင်စီများမှ စေလွှတ်သော (၄)ဦးထက်မနည်း၊ (၈)ဦးထက်မပိုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

- မြို့နယ်ကောင်စီ

ကျေးရွာကောင်စီများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်(၁)ဦးနှင့် မြို့မကောင်စီတွေက စေလွှတ်သော ကိုယ်စားလှယ်(၅)ဦးထက်မနည်း၊ (၁၀)ဦးထက် မပိုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

- မြို့မကောင်စီ

သက်ဆိုင်ရာ ရပ်ကွက်ကော်မတီတွေကစေလွှတ်သော ကိုယ်စားလှယ်အနည်းဆုံး ၁ဦး၊ အများဆုံး၃ဦးဖြင့် ဖွဲ့စည်းသည်။

- ရပ်ကွက်ကော်မတီ

ကိုယ်စားလှယ် အနည်းဆုံး၃ဦး၊ အများဆုံး၅ဦး ဖြင့် ဖွဲ့စည်းသည်။

- ကျေးရွာကောင်စီ

ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌသက်တမ်း (၁)နှစ်၊ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရသောစနစ်။

- ဒေသန္တရအစိုးရအားလုံးသက်တမ်း-၅နှစ်၊ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌသက်တမ်း-၁နှစ်၊ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရသောစနစ်။

# အုပ်ချုပ်ရေး အာဏာများ

- ပညာရေးကိစ္စ
- ကျန်းမာရေးနှင့် ဆေးဝါးကုသရေးကိစ္စ
- လယ်ယာစိုက်ပျိုးရေးကိစ္စ
- တိရစ္ဆာန်များစောင့်ရှောက်ရေးကိစ္စ
- ဆည်မြောင်းတာတမံများနှင့်စပ်လျဉ်းသောကိစ္စ
- ပြည်သူ့လုပ်ငန်း (Public Works) နှင့် စပ်လျဉ်းသောကိစ္စ
- သမဝါယမလုပ်ငန်းအမျိုးမျိုးနှင့် စပ်လျဉ်းသောကိစ္စ

# ပြည်သူ့ဝန်ထမ်းယန္တယား (Public Servants Mechanism)

- နိုင်ငံတော်သမ္မတဟာ ခရိုင်ကောင်စီ၊ မြို့နယ်ကောင်စီ အားလုံးအတွက် နည်းဥပဒေနှင့် အညီ “အုပ်ချုပ်ရေးမှူး” တစ်ဦးစီခန့်ထား။
- အုပ်ချုပ်ရေးမှူးတွေဟာ သက်ဆိုင်ရာကောင်စီတွေရဲ့ ညွှန်ကြားချက်တွေနဲ့ အညီ ကောင်စီအောက်က ဌာနတွေကို ကြီးကြပ်ဖို့နဲ့ ဆက်စပ်ညှိနှိုင်း ဆောင်ရွက်ဖို့ တာဝန်ရှိ။
- ခရိုင်ကောင်စီအတည်ပြုချက်နဲ့ မြို့မကောင်စီတွေနဲ့ ကျေးရွာကောင်စီဟာ မြို့မအုပ်ချုပ်ရေးမှူးတစ်ဦးစီနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦးစီကို ခန့်အပ် တာဝန်ပေး။

# ဥပဒေပြုရေး အာဏာများ

- ❑ အိမ်ဆောက်လုပ်ရေး အိမ်ဆောင်ပုံနည်းစနစ် အိမ်ပြုပြင်ရေးနှင့် အိမ်ဖျက်သိမ်းရေး
- ❑ အများပြည်သူဆိုင်ရာ နှောင့်ယှက်မှုများ တားဆီးရေး။
- ❑ လူအများတွင်သော်လည်းကောင်း၊ တိရစ္ဆာန်များတွင်သော်လည်းကောင်း၊ ကောက်ပဲသီးနှံများတွင်လည်းကောင်း၊ ကူးစက်ပြန့်ပွားစေတတ်သောအနာရောဂါများကို တားဆီးကာကွယ်ရေး။
- ❑ အရပ်ရပ်သန့်ရှင်းစင်ကြယ်မှုကို အားပေးရေးနှင့် ပြည်သူတို့သုံးစွဲသော ရေတွင်းရေကန်များ မညစ်ညမ်းစေတားဆီးရေး။
- ❑ တိရစ္ဆာန်များ သက်ဖြတ်ခြင်းကို စည်းမျဉ်းသတ်မှတ်ရေး။
- ❑ တိရစ္ဆာန်များကို ညှင်းဆဲခြင်းမှ ကာကွယ်ရေး။
- ❑ မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ခြင်း။
- ❑ ပွဲများ ကျင်းပခြင်းကို စည်းမျဉ်းသတ်မှတ်ခြင်း။

# ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

ဒေသန္တရ အစိုးရများလုပ်ငန်းများကို အမှီခိုကင်းစွာ လည်ပတ် အကောင်အထည်ဖော်နိုင်ရေး Financial Autonomy အတွက် ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ထည့်သွင်း၊

ဘဏ္ဍာငွေရှာဖွေနိုင်ပြီး ရလာတဲ့ ရန်ပုံငွေတွေကို စီမံသုံးစွဲပိုင်ခွင့်ရှိ။

# ရန်ပုံငွေ အရင်းအမြစ်များ

- ဒေသန္တရအဖွဲ့ပိုင် ပစ္စည်းများမှ ရရှိသောဝင်ငွေ
- ဒေသန္တရအဖွဲ့မှ ဆောင်ရွက်သဖြင့် ရရှိသော ဝင်ငွေ (Service Charges)
- ဒေသန္တရအဖွဲ့ သို့မဟုတ် ဒေသန္တရအဖွဲ့အတွက် လုပ်ငန်းများမှ ရရှိသောဝင်ငွေ
- ဒေသန္တရအဖွဲ့အချင်းချင်း ထောက်ပံ့ငွေ
- ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရမှ ထောက်ပံ့ငွေ
- ပုဂ္ဂိုလ်များက ဖြစ်စေ၊ အစည်းအရုံးအဖွဲ့အစည်းများက ဖြစ်စေ ပေးအပ်သောငွေ
- ဤဥပဒေအရ စည်းကြပ်သော အခွန်နှင့် ခိုင်ကြေး
- အထွေထွေရငွေ

# လုံခြုံရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာများ

- ကျေးရွာဥက္ကဌက တရားရုံး နာယကအဖြစ် ဆောင်ရွက်ပြီး ကောင်စီဝင်တွေက တရားရုံး အဖွဲ့ဝင် အဖြစ်ဆောင်ရွက်။
- စီရင်ပိုင်ခွင့်ရှိတဲ့ အမှုတွေကို စီရင် ဆုံးဖြတ်ရာမှာ တရားရုံးအဖွဲ့ဝင်တွေက မဲပေး ဆုံးဖြတ် (ဂျူရီ စနစ်နဲ့ဆင်တူပါတယ်။)
- စီရင်ပိုင်ခွင့်ရှိသောအမှုများ

(က) လက်ရောက်ကျူးလွန်သည့် (သို့) နာကျင်စေမှုအတွက် စွဲဆိုသောလျော်ကြေးအမှု

(ခ) အသရေပျက်သည့်အတွက် စွဲဆိုသော လျော်ကြေးမှု

(ဂ) ကျွဲ၊နွား၊တိရစ္ဆာန်များ ကျော်နင်းဝင်ရောက်သောကြောင့် အကျိုးပျက်စီးသည့် အတွက်စွဲဆိုသော လျော်ကြေးအမှု

(ဃ) ငွေကြေး (သို့) ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်းသောအမှု

(င) ပဋိညာဉ်မှု

(စ) ကုန်စည်ရောင်းဝယ်မှု

(ဆ) ဖြတ်သန်းသွားလာခွင့်နှင့်စပ်လျဉ်းသောအမှု

(ဇ) ရေတွင်း၊ ရေကန်၊ ဆည်မြောင်း၊ တာတမံ (သို့) ရေကာတာ၊ ရေကျမှ ရေရယူခွင့်နှင့် စပ်လျဉ်းသောအမှု (အမှုတန်ဖိုး ၅၀၀ကျပ်ထက်မပိုစေရ)

**တရားမမှု**

(က) လင်မယားကွာရှင်းလိုမှု

(ခ) လင်မယားပြန်လည်ပေါင်းသင်းလိုမှု

**ရာဇဝတ်မှု**

ထောင်ဒဏ်တစ်လအထိချမှတ်နိုင်တဲ့ ရဲအရေးပိုင်တဲ့အမှု

# လွှတ်မြောက်ဒေသတွင် ပြည်သူ့အုပ်ချုပ်ရေး ယန္တယားများ ထူထောင်ခြင်း

## ဦးစားပေး လုပ်ငန်းများ

(၁) ကာကွယ်ရေးနှင့် လုံခြုံရေး

(၂) စစ်ဘေးရှောင်နေရာချထားရေး

(၃) စားနပ်ရိက္ခာဖူလုံရေး

(၄) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေး

(၅) သဘာဝ သယံဇာတ စီမံခန့်ခွဲရေး

(၆) အခွန်နှင့် ဘဏ္ဍာ/ရံပုံငွေထူထောင်စီမံခန့်ခွဲခြင်း

(၇) စာရင်းစစ်/လုပ်ငန်းစစ် လုပ်ငန်း

(၈) ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း

(၉) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း

(၁၀) တရားဥပဒေစိုးမိုးရေး

(၁၁) တရားစီရင်ရေး

(၁၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

(၁၃) ကျေးရွာသန့်ရှင်းရေး

(၁၄) သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေး

(၁၅) မူးယစ်ဆေးဝါးတိုက်ဖျက်ရေး

(၁၆) လောင်းကစားနှိမ်နင်းရေး

# (၁) ကာကွယ်ရေးနှင့် လုံခြုံရေး

(က) ရပ်ကွက်/ကျေးရွာ/မြို့နယ် ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

(ခ) အရေးပေါ် လေကြောင်းရန်၊ လက်နက်ကြီးပစ်၊ စစ်ကြောင်းထိုး အချက်ပေးစနစ် တည်ဆောက်ခြင်း (ကုလားတက်ခေါက်သည့် စနစ် အသုံးပြု)

(ဂ) ကျေးရွာကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ခံများ ချိတ်ဆက်ထားသော ကွန်ယက်တည်ဆောက်ခြင်း (Phone/ Signal/ Walky-Talky)

(ဃ) လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ လူထုပညာပေးလုပ်ငန်းများ လုပ်ဆောင်ခြင်း

(င) ဗုံခိုကျင်းများတည်ဆောက်ခြင်း

(စ) ပကဖများ၏ အကူအညီဖြင့်၊ မိုင်းနှင့်ပေါက်ကွဲစေတတ်သော လက်နက်များရှင့်လင်းခြင်း။

(ဆ) လူထုကို စစ်ဘေးလွတ်ရာဒေသသို့ အရေးပေါ်ကယ်ထုတ်ခြင်း။

## (၂) စစ်ဘေးရှောင်နေရာချထားရေး

(က) အိမ်ထောင်စုဆိုင်ရာ အချက်အလက်များကောက်ယူခြင်း

(ခ) အရေးပေါ် ရိက္ခာ၊ သောက်ရေ၊ ယာယီတဲများစီစဉ်ခြင်း

## (၃) စားနပ်ရိက္ခာ ဖူလုံရေး

စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေး၊ ငါးလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သော အရင်းအမြစ်၊ နည်းပညာ ဈေးကွက်ရရှိရေးအတွက် တောင်သူလယ်သမား အဖွဲ့အစည်းများ ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဆက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## (၄) ကျန်းမာရေးနှင့် လူမှုဖူလုံရေး

(က) ကျန်းမာရေးနှင့် လူမှုဖူလုံရေး ရံပုံငွေထူထောင်ခြင်း

(ခ) CBOs/CSOs များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

# (၅) သဘာဝသယံဇာတ စီမံခန့်ခွဲရေး

- လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေး
- ဆည်မြောင်း တာတမံထိန်းသိမ်းရေး၊ ရေစီမံခန့်ခွဲရေး
- သစ်တော သယံဇာတ စီမံခန့်ခွဲရေး
- ငါးလုပ်ငန်းစီမံခန့်ခွဲရေး
- တပိုင်တနိုင် သတ္တုတူးဖော်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်မှ ချမှတ်ထားသော ဥပဒေများနှင့်အညီ ကျေးရွာ မြို့နယ် ခရိုင်အဆင့်ဆင့် ကော်မတီများ ဖွဲ့စည်း၍ အုပ်ချုပ်စီမံခန့်ခွဲခြင်း

# (၆) အခွန်နှင့် ဘဏ္ဍာ/ရံပုံငွေထူထောင်စီမံခန့်ခွဲခြင်း

- ❑ လယ်ယာမြေ/ အိမ်ခြံမြေခွန်
- ❑ ယစ်မျိုးခွန်
- ❑ ဆည်မြောင်း/ တာတမံ/ ရေခွန်
- ❑ မြူနီစီပယ် (သန့်ရှင်းရေး၊ ဈေး) ခွန်များ
- ❑ SME စီးပွားရေးလုပ်ငန်းဆိုင်ရာ အခွန်များ
- ❑ သယံဇာတခွန် (သစ်တော၊ ငါးလုပ်ငန်း၊ သတ္တု) ခွန်များ ပမာဏကြီးမားပါက ပြည်ထောင်စုနှင့် ဒေသန္တရ အစိုးရ အဆင့်ဆင့် အကြား ဥပဒေပြဋ္ဌာန်း၍ ရာခိုင်နှုန်း သတ်မှတ်ပေးရမည်။

## (၇) စာရင်းစစ်/လုပ်ငန်းစစ် လုပ်ငန်း

အထက်အုပ်ချုပ်ရေး အဆင့်ဆင့်မှ စာရင်းစစ်/လုပ်ငန်းစစ် အဖွဲ့များ သို့မဟုတ် လိုအပ်ချက်အရ ဖွဲ့စည်းထားသော လွတ်လပ်သော လုပ်ငန်းစစ်/ စာရင်းစစ် အဖွဲ့များမှ စစ်ဆေးပိုင်ခွင့်ကို ဥပဒေထဲတွင် ပြဋ္ဌာန်းရမည်။

## (၈) ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း

ဒေသန္တရအစိုးရ ဖွဲ့စည်းပုံအောက်တွင် ကျေးလက်ဖွံ့ဖြိုးရေး ကော်မတီနှင့် အခြားလိုအပ်သော ကော်မတီများ ဖွဲ့စည်းနိုင်သည်။

# (၉) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း

- ကျေးရွာမြို့နယ်အဆင့်အထိ လွတ်လပ်သော လူ့အခွင့်အရေးစောင့်ကြည့်ရေး၊ ပညာပေးရေး၊ မှတ်တမ်းတင်ရေး။
- လူ့အခွင့်အရေးချိုးဖောက်မှုရှိပါက တရားစီရင်ရေးစနစ်ကို အသုံးပြုပြီး အရေးယူဆောင်ရွက်နိုင်ရေး။

# (၁၀) တရားဥပဒေ စိုးမိုးရေး

လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသတွင် အုပ်ချုပ်ရေးယန္တယား ပျက်ယွင်းမှုနှင့်အတူ ခိုးဆိုးလုယက်မှုများ၊ အဓမ္မပြုကျင့်မှုများ ပေါ်ပေါက်လေ့ရှိသည်။

# ဒေသန္တရ အုပ်ချုပ်ရေး ယန္တယားပုံသဏ္ဍာန်

မြို့နယ်ကျေးရွာကောင်စီ

မြို့နယ်ကျေးရွာကောင်စီဝင်များ
(နည်းဥပဒေ ချမှတ်ခြင်း)

မြို့တော်ဝန်/ကျေးရွာအုပ်ချုပ်ရေး ကော်မတီ ဥက္ကဌ

(ဥက္ကဌနှင့် အဖွဲ့ဝင်များ)

(လုပ်ငန်းအကောင်အထည်ဖော်ခြင်း)

လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

ကျွမ်းကျင်ဝန်ထမ်းများ

တရားစီရင်ရေး

မြို့နယ်/ကျေးရွာ တရားသူကြီး

(သို့မဟုတ်)

တရားရေးကော်မတီ

ရဲလုပ်ငန်း

ရဲတပ်ဖွဲ့/ ပြည်သူ့လုံခြုံရေးအဖွဲ့

# ဒေသန္တရအစိုးရဆိုင်ရာ ရွေးချယ်တင်မြှောက်ခြင်း/ သက်တမ်း

- ❑ ဒေသန္တရ - မြို့နယ်/ကျေးရွာရွေးကောက်ပွဲ
- ❑ ကြားကာလတွင် stakeholders များကို ကိုယ်စားပြုပါဝင်ခြင်းအပေါ် သဘောထား???
(ကြားကာလအုပ်ချုပ်ရေး)

**အရပ်ဘက်အဖွဲ့အစည်းများ (CSOs/CBOs) ဆိုင်ရာမူဝါဒ**

- ❑ ဒေသန္တရအုပ်ချုပ်ရေးအစိုးရတွင် CSO/CBO ဆိုင်ရာ ဌာနထားရှိခြင်/ ဌာနတာဝန်ခံ ခန့်ထားခြင်း။
- ❑ မှတ်ပုံတင်ခြင်း၊ MOU လက်မှတ်ရေးထိုးဆောင်ရွက်ခြင်း။
- ❑ ပြည်သူ့ လိုအပ်ချက်ကောက်ခံခြင်း (Needs Assessment) စီမံကိန်းရေးဆွဲခြင်း၊ ရံပုံငွေရှာခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ပြီး ပြည်လည်သုံးသပ်ခြင်း (Evaluation)၊ စီမံကိန်းပူးပေါင်း အကောင်အထည်ဖော်ခြင်း တို့တွင် ပွင့်လင်းမြင်သာမှု နှင့် ထိရောက်မှု ရရှိရန် ပူးပေါင်း ဆောင်ရွက်ခြင်း။

# ဒေသန္တရ ဒီမိုကရေစီကျင့်သုံးမှုကို မြှင့်တင်ခြင်း

- ❑ မြို့နယ် လူထုအစည်းအဝေး (Town Hall Meeting)
- ❑ ကျေးရွာ လူထုအစည်းအဝေး
- ❑ ပြည်သူ့ရေးရာ မူဝါဒများကို လူထုသဘောထား ခံယူခြင်း (Public Referendum)

# ကောင်းမွန်သောအုပ်ချုပ်ရေးဆိုင်ရာအခြေခံမှုများ

**၁။ လူတိုင်းပါဝင်ဆောင်ရွက်ခွင့် (Participations)**

မိမိအမြင်ကိုသက်ဆိုင်သောဌာန/အဖွဲ့အစည်းများမှတစ်ဆင့် ထုတ်ဖော်တင်ပြခွင့်၊ လွတ်လပ်စွာအဖွဲ့အစည်းဖွဲ့စည်းခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်။

**၂။ တရားဥပဒေစိုးမိုးရေး (Rule Of Law)**

နိုင်ငံသားတိုင်းလူ့အခွင့်အရေးကို အပြည့်အဝရရှိခံစားနိုင်ရေးအတွက် ကျောသားရင်သားခွဲခြားမှုမရှိသောဥပဒေမူဘောင်တစ်ရပ်ကို ချမှတ်ကျင့်သုံးခြင်း။

**၃။ ပွင့်လင်းမြင်သာမှု (Transparency)**

အစိုးရအနေဖြင့် ပေါ်လစီမူဝါဒများချမှတ်သည့်အခါတွင်ဖြစ်စေ၊ အကောင်အထည်ဖော်ရာတွင်ဖြစ်စေ၊ တည်ဆဲဥပဒေဘောင်အတွင်းတွင် ပြုလုပ်ရမည်။ ၎င်းပေါ်လစီ၊ မူဝါဒများကို လူတိုင်းသိရှိခွင့်ရှိရမည်။ အထူးသဖြင့် ၎င်းမူဝါဒများနှင့်ပက်သက်၍ ကောင်းကျိုး၊ ဆိုးကျိုး ခံစားရမည့်သူများသိရှိရမည်။

## ၄။ လူထုလိုအပ်ချက်ကိုအချိန်မီဖြည့်ဆည်းခြင်း (Responsiveness)

လူထုလူတန်းစားအလွှာအသီးသီး၏ လိုအပ်သောဝန်ဆောင်မှုများကို အချိန်မီဖြည့်ဆည်းပေးနိုင်သော ယန္တယားများ (အလုပ်ဆိုင်ရာစုဖွဲ့မှုများ)၊ လုပ်ငန်းစဉ်များရှိရမည်။

## ၅။ အားလုံးသဘောကျဆုံးဖြတ်ခြင်း ( Consensus)

အားလုံးသဘောတူညီမှုဖြင့်ဆုံးဖြတ်ချက်ချနိုင်လျှင်အကောင်းဆုံးဖြစ်သည်။

လူတိုင်းဆန္ဒကိုမဖြည့်ဆည်းနိုင်သည့်အခြေအနေတွင် အနည်းဆုံးလက်ခံနိုင်လောက်သော၊ တစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာစေသောဆုံးဖြတ်ချက်မျိုးမဖြစ်စေရ။

## ၆။ တန်းတူညီမျှခြင်း၊ အားလုံးပါဝင်ခြင်း (Equity and Inclusiveness)

အားလုံးအတွက်သာတူညီမျှခံစားခွင့်ရှိစေရမည်။ လူတိုင်းသည် ၎င်းတို့၏အကျိုးစီးပွားကိုထိန်းသိမ်းခွင့်၊ တိုးတက်အောင်ကြံဆောင်ခွင့်ရှိရမည်။

## ၇။ အကျိုးရှိမှု၊ ထိရောက်မှု (Effectiveness and efficiency)

လူထုလိုအပ်ချက်နှင့် ကိုက်ညီအကျိုးရှိသောဆုံးဖြတ်ချက်များကို ချမှတ်အကောင်အထည်ဖော်နိုင်သော အစိုးရအဖွဲ့အစည်းများဖြစ်ရမည်။ ထိုသို့လုပ်ဆောင်ရာတွင် တိုင်ပြည်အရင်း အမြစ်များကိုထိရောက်စွာ အသုံးချနိုင်ရမည်။

## ၈။ တာဝန်ယူမှု၊ တာဝန်ခံမှု (Accountabilities)

အစိုးရအဖွဲ့အစည်းအားလုံးသည် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်။